# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 19 , 2023 Volume 73, Number 12

၁၉.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၀၀၀၀၀ |
| ဒေါ်လာဈေး | = ၃၅၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ၂၀၂၃-၂၀၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံပါဝင်ပြသ




"၂၀၂၃-၂၀၂၄ ခုနှစ်၊ (၂၂) ကြိမ်မြောက် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲ"(INDIA INTERNATIONAL MEGA TRADE FAIR (IIMTF) 2023–24)ကို အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် G.S. Marketing Associates တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် သိပ္ပံမြို့တော်(Science City)ကော်လ်ကတ္တားမြို့တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် နေ့မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ (၁၈)ရက်ကြာ ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံမှ ပါဝင်ပြသလျက်ရှိသည်။

မြန်မာနိုင်ငံပြခန်းအား စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့မှဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ ပင်လယ်ရပ်ခြားလယ်ယာထွက်ကုန်ကုန်သည်များအသင်း- မြန်မာ(Overseas Agro Traders Association–OATA Myanmar) တို့မှ ပံ့ပိုးကူညီမှုနှင့်အတူ ပါဝင်ပြသလျက်ရှိသည်။

၂၀၂၃-၂၀၂၄ ခုနှစ် (၂၂) ကြိမ်မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ မီဂါကုန်စည်ပြပွဲသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများ အနက်တစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၁၇) နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြည်နယ် (၂၂)ခုမှ ပြခန်း ပေါင်း (၁၂၀၀)ခန့် ပါဝင်ပြသလျက်ရှိပါသည်။ ယခုနှစ်တွင် အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့က လုပ်ဖော်ကိုင်ဖက်နိုင်ငံများ (Partner Countries) အဖြစ် လည်းကောင်း၊

အီရန်နှင့်ထိုင်းနိုင်ငံတို့က အဓိကနိုင်ငံများ(Focus Countries)အဖြစ်လည်းကောင်း၊ ဩစတေးလျနှင့်မြန်မာနိုင်ငံတို့က အလေးပေးဖော်ပြသောနိုင်ငံများ (Highlighted Countries) အဖြစ်လည်းကောင်းသတ်မှတ်၍ ပါဝင်ပြသလျက်ရှိသည်။

မြန်မာပြခန်းတွင် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း၊ သဘာဝရော်ဘာ၊ လက်ဖက်(အချိုခြောက်)၊ အသင့်ဖျော်လက်ဖက်ရည်၊ မြန်မာ့သနပ်ခါးထုတ်ကုန်နမူနာများနှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အတွက် နံရံကပ်ဒီဇိုင်းပိုစတာနှင့်ဓာတ်ပုံများပြသထားခြင်း၊ လက်ကမ်းကြော်ငြာများဝေငှပေးခြင်းစသည့် သတင်းအချက်အလက်များကို မျှဝေပေးလျက်ရှိရာ နေ့စဉ်စိတ်ဝင်တစားလာရောက်ကြည့်ရှုသူနှင့် စုံစမ်းမေးမြန်းသူအရေအတွက် များပြားလျက်ရှိကြောင်းသိရသည်။

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**Source:** https://myantrade.gov.mm/article/STP(Yangon)-19122023-12:07

## ကျိုက်လတ်မြို့နယ်မှ မအူပင်မြို့နယ်သို့ တစ်ရက်လျှင် ကွမ်းရွက်ပိဿာချိန် ၂၅၀၀ ထိ တင်ပို့ရောင်းချနေရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ မအူပင်မြို့နယ်သို့ တစ်ရက်လျှင် ကွမ်းရွက်ပိဿာချိန် ၂၅၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ မအူပင်မြို့နယ်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တစ်ရက်လျှင် ကွမ်းရွက်ပိဿာချိန် ၁၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး လက်ရှိ ဒီဇင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်နေ့ထိ တစ်ရက်လျှင် ကွမ်းရွက်အရွယ်စုံ ပိဿာချိန် ၂၅၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ဒီဇင်ဘာလထဲမှာ ဒေသထွက်ကွမ်းရွက်တွေကို အခြားဒေသတွေက ဝယ်ယူမှုကောင်းလာပါတယ်။ ဘာကြောင့် ဝယ်ယူမှုကောင်းလာတာလဲဆို သုံးစွဲအားများလာတာနဲ့ ဝယ်ယူနေတဲ့ ဒေသတွေမှာ စိုက်ပျိုးအား လျော့ကျနေလို့ဖြစ်ပါတယ်။ အခုလို ကွမ်းရွက်တွေဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာတယ်။ လက်ရှိတစ်နေ့ကို ကွမ်းရွက်ပိဿာချိန် ၂၅၀၀ ထိတင်ပို့ရောင်းချနေရတယ်။ တင်ပို့ရောင်းချနေတဲ့ကွမ်းတွေက သန့်ရှင်းတယ် အရည်အသွေးကလဲ မဆိုးပါဘူး။ မအူပင်မြို့နယ်က ဝယ်လက်တွေက အကြိုက်တွေ့နေပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ဒေသကျိုက်လတ်ဈေးအပြင် မအူပင်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချနေသည့် ကွမ်းရွက်အသန့် ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀၊ ကွမ်းရွက်ရောရာ ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိဈေးပေါက်နေကြောင်း ဒေါ်ဇာဇာက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဖျာပုံခရိုင်၊ အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း အမာမြို့မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍သိရသည်။ အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ကင်းမွန်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကင်းမွန်များအပါအဝင် ရေထွက်ကုန်ပစ္စည်း များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



"အခု ကင်းမွန်တွေအဝင်များပြီး အရင်ကထက်ပိုမိုတင်ပို့ ရောင်းချနေရတယ်။ အောက်တိုဘာလအတွင်းက ရန်ကုန်ဈေးကွက်ကို ကင်းမွန်ပိဿာချိန် ၄၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ အောက်တိုဘာလထက် နိုဝင်ဘာလမှာ ကင်းမွန်ပိဿာချိန် ၃၀၀၀၀ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ကုန်ချိန်တွေများများ တင်ပို့ ရောင်းချခဲ့ရပေမဲ့ ကင်းမွန်ဈေးကငြိမ်နေပါတယ်။ ဒီဘက်ကထွက်ရှိတဲ့ ကင်းမွန်တွေအပါအဝင် ရေထွက်ကုန်တွေကို ဖျာပုံနဲ့ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာများပါတယ်" ဟု အမာမြို့မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျ စစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀၀၊ ကင်းမွန်အသေးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဈေးပေါက်နေကြောင်း၊ ကင်းမွန် တင်ပို့ရောင်းချမှုများလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပမှ ဝယ်လိုအားများသဖြင့် ပဲလွန်းဖြူ အရောင်းအဝယ်ကောင်းနေ



မန္တလေးဈေးကွက်တွင် ပဲလွန်းဖြူ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း မန္တလေးကုန်စည်ဒိုင်၊ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲလွန်းဖြူများကို ယခုလက်ရှိတွင် တရုတ်နိုင်ငံမှ ဝယ်ယူမှုများရှိလာပြီး ယခင်က မန္တလေးဈေးကွက်အတွင်း၌ ပဲလွန်းဖြူများ အရောင်းအဝယ်ပုံမှန်အနေအထားတွင်ရှိနေသော်လည်း ယခုလက်ရှိတွင် ပြည်ပမှ ဝယ်လိုအားများသဖြင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ "အခုလက်ရှိ ပဲလွန်းဖြူတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းကုန်သည်တွေက ဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်ပိုပြီး ကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောသည်။

မန္တလေးဈေးကွက်တွင် ယနေ့ ပေါက်ဈေးအရ ပဲလွန်းဖြူဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁,၇၅,၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လာခဲ့ကြောင်းသိရသည်။ "အရင်က တရုတ်ဘက်က အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွန်းဖြူတွေ မန္တလေး ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်" ဟု ဦးစက်မောင်ဆွေက ဆိုသည်။

ပဲလွန်းဖြူများကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန်၌ စတင်စိုက်ပျိုးကာ လက်ရှိ မန္တလေးဈေးကွက်သို့ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ မြောင်မြို့နယ်တို့မှထွက်ရှိသည့် ပဲလွန်းဖြူများ ဝင်ရောက်နေကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=142004

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၁-၁၂-၂၀၂၃ မှ ၁၅-၁၂-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀၀ ၊

ဆိပ်ဖြူလတ်ချော ကျပ် ၃၀၀၀ ၊မြင်းခြံရှယ် ကျပ် ၅၀၀၀  မြင်းခြံလတ်ကြီး ကျပ် ၄၈၀၀၊ မြင်းခြံလတ်သန့် ကျပ် ၄၄၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၃၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မြင်းခြံရှယ် ကျပ် ၁၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၁၆၀၀၊ မြင်းခြံလတ်သန့် ကျပ် ၁၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က  ကားစီးရေ ၉၅ စီး (၅,၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၁ စီး (၅,၄၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ)လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ်  ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၆,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်ရှယ်မှာဈေးငြိမ်လျက်ရှိပြီး အောင်ပန်းထူး-၂ ကျပ် ၂၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၆၀၀ (၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၂၀၀ (၆၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၄၀၀ (၁၂,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၁-၁၂-၂၀၂၃ မှ ၁၅-၁၂-၂၀၂၃) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC  (2023 Crop) ကျပ် ၂၉,၀၀,၀၀၀၊ မတ်ပဲ SQ/RC  (2023 Crop) ကျပ် ၃၁,၃၅,၀၀၀ နှင့်  ပဲစင်းငုံ Red/RC(2023 Crop) ကျပ် ၃၁,၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၆၅,၀၀၀ နှင့် မတ်ပဲSQ/RC (2023 Crop) ကျပ် ၇၀,၀၀၀ ဈေးမြင့်တက် ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၁၀လုံး(တန်ချိန် ၂၄၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲ FAQ/RC (2023 Crop)  ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် မတ်ပဲSQ/RC (2023 Crop) ကွန်တိန်နာ ၁၀လုံး (တန်ချိန် ၂၄၀ ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြားနီ ကျပ် ၇၀၀၀၊ အိမ်မဲ ကျပ် ၉၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အိမ်မဲ ကျပ် ၃၀၀၀ ဈေးကျဆင်းခဲ့ပြီး  ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၆၀၀ ( ၅၂,၀၀၀ ပိဿာ )နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ ( ၄၅၀၀ ပိဿာ)  ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀ ( ၄၄,၀၀၀ ပိဿာ )နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၄၀၀ (၈၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ ( ၁၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၇၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၅၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၇၀၀၊ ကြံသကာ(စစ်) ကျပ် ၄၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၃၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၇၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက် ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာနှင့်ပါကစ္စတန်အပါအဝင် ဆန်တင်ပို့သည့်နိုင်ငံများမှ ဆန်တန်ချိန် ၅,၃၄,၀၀၀ ဝယ်ယူမှု အင်ဒိုနီးရှားစတင်

အင်ဒိုနီးရှားမှ နိုင်ငံပိုင်စားနပ်ရိက္ခာအေဂျင်စီ BULOG သည် ဆန်မက်ထရစ်တန် ၅,၃၄,၀၀၀ အထိ ဝယ်ယူမည့် အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံအလိုက် ဝယ်ယူသည့်ပမာဏနှင့်ဈေးနှုန်းများကို အတိအကျမသိနိုင်သေးပါ။

ပါကစ္စတန်မှ ဆန်တန်ချိန် ၁,၁၀,၀၀၀ ခန့်နှင့် မြန်မာနိုင်ငံမှ တန်ချိန် ၈၀,၀၀၀ ခန့်ကို ဝယ်ယူခဲ့ကြောင်း ကုန်သည်များက ပြောကြားသည်။ ပါကစ္စတန်ဆန်နှင့် မြန်မာဆန် နှစ်မျိုးစလုံး၏ CIF ဈေးနှုန်းမှာ $635 ဝန်းကျင်ဟု ပြောကြားကြသည်။

ထိုင်းဆန် တန်ချိန် ၂ သိန်းဝန်းကျင်ဝယ်ယူရန် ဆွေးနွေးနေသည်။ ဗီယက်နမ်ဆန် တန်ချိန် ၅ သောင်းခန့် ဝယ်ယူရန် အစီအစဉ်ရှိသည်။ ထိုင်းဆန်နှင့် ဗီယက်နမ်ဆန် နှစ်မျိုးစလုံး၏ CIF ဈေးနှုန်းမှာ $665 ဝန်းကျင်ဟု ပြောကြားကြသည်။

**Source: brecorder**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/7309-asia-rice.html

## ယခုနှစ် ဗီယက်နမ်ဆန် ပြည်ပတင်ပို့မှု ဒေါ်လာ ၅ ဘီလီယံအထိ ရောက်ရှိမည်



ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ပထမ ၁၁ လ အတွင်း ဗီယက်နမ်ဆန် ပြည်ပတင်ပို့မှုပမာဏနှင့်တန်ဖိုးသည် ၂၀၂၂ ခုနှစ် တစ်နှစ်လုံး တင်ပို့ခဲ့သည်ထက် ပိုများနေပြီဖြစ်ပါသည်။

ယခုနှစ် ပြည်ပပို့ကုန်ဆန်ထံမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိ ရှိလာမည်ဟု အာဏာပိုင်များကဆိုသည်။

ဗီယက်နမ်တွင် ယခုနှစ် စပါးစိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁ သန်း ရှိပြီး စပါးအထွက်နှုန်းမှာ တစ်ဟက်တာလျှင် ၆ ဒသမ ၀၈ တန် ဖြစ်ပါသည်။ စပါး စုစုပေါင်း တန်ချိန် ၄၃ ဒသမ ၁ သန်း ထွက်ပါသည်။ ယမန်နှစ်ထက် တန်ချိန် ၄,၂၀,၀၀၀ ပိုများပါသည်။

ယခုနှစ် ပထမ ၁၁ လအတွင်း ဆန်တန်ချိန် ၇ ဒသမ ၇၅ သန်း တင်ပို့ခဲ့ပါသည်။ တန်ဖိုးစုစုပေါင်းမှာ ကန်ဒေါ်လာ ၄ ဒသမ ၄၁ ဘီလီယံဖြစ်ပါသည်။ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၅၆၈ ကန်ဒေါ်လာ ဖြစ်ပါသည်။ ဗီယက်နမ်ဆန် အမြောက်အမြား ဝယ်ယူသည့် နိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အာဖရိကနိုင်ငံများ ဖြစ်ပါသည်။

**Source: VNA**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7310-asia-rcie.html

## တရုတ်နိုင်ငံ၌ ကောက်ပဲသီးနှံထုတ်လုပ်မှုမြင့်တက်



တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ကောက်ပဲသီးနှံ မက်ထရစ်တန်ချိန် ၆၉၅ ဒသမ ၄၁ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထုတ်လုပ်နိုင်မှုအပေါ် တန်ချိန် ၈ ဒသမ ၈၈ သန်း (၁ ဒသမ ၃ ရာခိုင်နှုန်း) တိုးတက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုဌာနက ၁၁-၁၂-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံရှိ ပြည်နယ်အဆင့်အုပ်ချုပ်မှုဒေသ ၃၁ ခုတွင် ကောက်ပဲသီးနှံစိုက်ဧရိယာ ဟက်တာ ၁၁၉ သန်းအထိဖြစ်လာခဲ့ပြီး ယခင်နှစ်ထက် ၀ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့ကြောင်း အဆိုပါဗျူရိုက အစီရင်ခံစာတစ်ခုတွင် ဖော်ပြခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း ကောက်ပဲသီးနှံထုတ်လုပ်မှုမှာ တစ်ဟက်တာလျှင် ပျမ်းမျှ ၅ ဒသမ ၈၄၅ တန် ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၀ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုလာခဲ့ကြောင်းနှင့် နွေရာသီကာလအတွင်း အပူလှိုင်းကျရောက်ခဲ့မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် အချို့သောလယ်ယာမြေများရှိ ကောက်ပဲသီးနှံထုတ်လုပ်မှုကို ထိခိုက်စေပြီး နယ်မြေဒေသအချို့တွင် ရိတ်သိမ်း၍မရနိုင်အောင် ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ ကောက်ပဲသီးနှံထွက်ရှိမှု တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အောက်တိုဘာလနှောင်းပိုင်း၌ ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် လယ်ယာစိုက်ပျိုးရေးဌာနမှ အရာရှိများက တရုတ်နိုင်ငံ၌ သီးနှံစိုက်ပျိုးဧရိယာများပြားလာမှု၊ အထွက်နှုန်းမြင့်မားသော သီးနှံမျိုးများကို ပြောင်းလဲအသုံးပြုမှုနှင့် ပုံမှန်ထက် အားပျော့လာသော ရာသီဥတုခြောက်သွေ့မှုတို့ကြောင့် ကောက်ပဲသီးနှံထုတ်လုပ်မှုမှာ ပိုမိုတိုးတက်လာနိုင်ကြောင်း ပြောကြားခဲ့ကြသည်။

**Source: China Daily, 11 Dec 2023 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_18122023_232

## STOCK EXCHANGE (19.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,277 (Shares) | 55,494,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,600 | 8,800 | 8,600 | 130 | 1,124,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 2,271 | 6,533,350 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 7 | 53,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 1,119 | 1,846,350 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 1 | 2,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 180 | 352,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 430 | 2,021,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 2,139 | 3,561,300 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.85 | +0.29 | +0.08% | 367.18 | 368.22 | 363.12 | 6,277 | 15,494,300 | 8 | 693,833 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 31,277 (Shares) | 55,494,300 (MMK) |

## Main Board

As of 1:00 pm, 19th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,277 (Shares) | 55,494,300 (MMK) |

| MYANPIX | 367.85 ▲ 0.29 |
|---|---|
| Total Volume (shares) | 6,277 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,833 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,700 | ▲ 50 |